ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အမှတ်၊၃၆၃/၄၂၁၊ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

E-mail: dma@motc.gov.mm, dma.myan@gmail.com | Tel:+95-1-397640
P.O BOX 194, | Fax: +95 1 397641

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ 12 ရက်

## ကြေညာချက်အမှတ် ( ၃ /၂၀၂၀)

အကြောင်းအရာ။ **Coronavirus (COVID-19) ပြန့်ပွားမှုအား နောက်ဆက်တွဲအကျိုးဆက်များအရ သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်နေကြသော သင်္ဘောဝန်ထမ်းများအတွက် ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု အစီအမံများနှင့်ပတ်သက်၍ လမ်းညွှန်ချက်ထုတ်ပြန်ခြင်း**

၁။ ယခုအခါကမ္ဘာ့ကပ်ရောဂါအဖြစ် ပြန့်ပွားကူးစက်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကာကွယ်တားဆီးရေး အစီအမံများနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံအသီးသီးက အရေးပေါ်ဥပဒေများထုတ်ပြန်ခြင်း၊ ကာကွယ်တားဆီးရေး အစီအမံများချမှတ်ခြင်း၊ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းတွင်းနယ်စပ်ဖြတ်ကျော်ဝင်ရောက်ခြင်း၊ ကုန်စည်တင်ပို့မှုလုပ်ငန်းစဉ်များအား ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်းနှင့်စိစစ်ခြင်းများအား ပြုလုပ်လာကြပါသည်။ နောက်ဆက်တွဲအကျိုးဆက်များအနေဖြင့် မြန်မာမှတ်ပုံတင်ထားသော သင်္ဘောများပေါ်ရှိ သင်္ဘောဝန်ထမ်းများ ကို COVID – 19 ရောဂါပြန့်ပွားကူးစက်နိုင်ပါသဖြင့် ရေယာဉ်မှူး၊ သင်္ဘောပိုင်ရှင် (သို့မဟုတ်) သင်္ဘောကုမ္ပဏီများသည် ကူးစက်ရောဂါကာကွယ်ရေး အစီအမံများဆောင်ရွက်ရန်အတွက် ဤကြေညာချက်ကိုထုတ်ပြန်လိုက်သည်။

၂။ ပင်လယ်ပြင်လမ်းခရီးတွင်ဖြစ်စေ၊ ဆိပ်ကမ်းတွင်ဖြစ်စေ၊ သင်္ဘောဝန်ထမ်းများကို COVID – 19 နှင့် ဆက်စပ်နေသော ရောဂါကူးစက်မှုလက္ခဏာများ ဖြစ်/ မဖြစ်အား စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုစစ်ဆေးပေးရမည်။

၃။ မြန်မာမှတ်ပုံတင်ထားသော သင်္ဘောများပေါ်ရှိ သင်္ဘောဝန်ထမ်းများတွင် ရောဂါကူးစက်မှုလက္ခဏာများဖြစ်ပေါ်သော မည်သည့်ဖျားနာမှုကိုမဆို သက်ဆိုင်ရာဆိပ်ကမ်းအာဏာပိုင်၊ အဖွဲ့အစည်းများနှင့် ဦးစီးဌာနသို့ ဆောလျင်စွာ သတင်းပို့ရမည်။

၄။ သင်္ဘောများဆိပ်ကမ်းတွင် ရှိနေစဉ်ကာလအတွင်း သင်္ဘောအတက်အဆင်းကိစ္စ၊ အရေးပေါ် ဆေးကုသရမည့်ကိစ္စမှအပ ကျန်ကိစ္စရပ်များအတွက် သင်္ဘောသားများအား ကမ်းဆင်းခွင့် ယာယီ ကန့်သတ်ထားရမည်။

၅။ သင်္ဘောဝန်ထမ်းများနှင့် သင်္ဘောပေါ်သို့ တက်ရောက်လာသည့် ဧည့်သည်များအတွက် COVID-19 ရောဂါကာကွယ်တားဆီးရေး အစီအမံများကို ပြုလုပ်ဆောင်ရွက်ရာတွင် IMO၊ WHOနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသော ကြေငြာချက်များအပေါ် အခြေခံ၍ တစ်ကိုယ်ရည်ကာကွယ်မှုပစ္စည်းများဖြစ်သော နှာခေါင်းစည်းနှင့်လက်သန့်ဆေးရည် အသုံးပြုခြင်း၊ ခန္ဓာကိုယ်အပူချိန်တိုင်းတာခြင်းနှင့် COVID-19 ပြန့်ပွားမှုတားဆီးနိုင်သော သင့်လျော်သည့်အခြားနည်းလမ်းများကိုလည်းဆောင်ရွက်ရမည်။

၆။ သင်္ဘောသားများ အရေးပေါ် ဆေးကုသမှုခံယူရမည့် အခြေအနေဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ၎င်းဆိပ်ကမ်းရှိအရေးပေါ် ကုသရေး ဌာနသို့စေလွှတ်ရမည်။

သောင်းကြိုင်
ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်၊
ကမ်းရိုးတန်းသွားရေယာဉ်ပိုင်ရှင်များအသင်း၊
မိတ္တူကို
ညွှန်ကြားရေးမှူးချုပ်ရုံးအဖွဲ့၊
ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ)၊
ရေကြောင်းဌာနခွဲ၊
ရုံးလက်ခံ။